သတ္တမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် မေ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ msi brand မှ ကွန်ပျူတာ Laptop များကို ပါဝင်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။

ပြပွဲကာလအတွင်း နည်းပညာအသစ်များကို စိတ်ပါဝင်စားစွာ လေ့လာလိုသူများအတွက် msi ၏ main product များ ဖြစ်သည့် msi'BigBang Marshal Motherboard ပေါ်တွင် ATI Graphics CardR 6950 Twin Frozr II/OC2G/D5 ဂရပ်ဖစ်ကတ်လေးကတ်အား Double Cross Fire နည်းပညာဖြင့် ချိတ်ဆက်ပြီး Gamer များ အကြိုက်တွေ့စေမည့် စွမ်းဆောင်ရည်မြင့်မားသော Extreme Gaming PC ကို ပြသထားမည်ဖြစ်ပြီး msi ၏ နည်းပညာအသစ်ဖြစ်သော The World 1st Gaming Motherboard Z68 Series နှင့် (Over Clocking) ကို စိတ်ဝင်စားသူများအတွက် OC Genie II ကိုလည်း မိတ်ဆက်သွားမည်ဖြစ်သည်။

ထို့ပြင် msi GT -680 Gaming Laptop၊ msi GE-620 Gaming Laptop၊ msi GX -660 Gaming Laptop များကို တစ်လုံးလျှင် US ဒေါ်လာ 100 ဈေးလျှော့ရောင်းချပေးမည်ဖြစ်ပြီး msi Laptop ဝယ်ယူသူတိုင်းအတွက် 4GB Memory Stick, Panda Antivirus CD (1yr License),Mouse,Notebook Cooling Pad,LCD Cleaning Kit, Mouse Pad စသည့် လက်ဆောင် ခြောက်မျိုးကိုလည်း ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန် - မန္တလေး အမြန်လူစီးရထား ရိုးရိုးလူစီးတွဲပေါ်၌ ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွား၊ နှစ်ဦးသေ၊ ကိုးဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၁၈

ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ရန်ကုန်-မန္တလေး အမှတ်(၃) အဆန် အမြန်လူစီးရထားသည် ယနေ့ ညနေ ၃ နာရီ ၅၅ မိနစ်ခန့်တွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ရွှေမြို့နှင့် ဆင်သေဘူတာအကြား မိုင်တိုင်အမှတ်(၂၄၉)အရောက်၌ စက်ခေါင်းတွဲနောက် သုံးတွဲမြောက်၊ ရိုးရိုးတန်းလူစီးတွဲပေါ်တွင် ဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ကူညီပံ့ပိုး

ပေါက်ကွဲမှုကြောင့် အဆိုပါတွဲပေါ်၌ စီးနင်းလိုက်ပါလာသော ခရီးသည်အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးသေဆုံးပြီး အမျိုးသားလေးဦး၊ အမျိုးသမီးငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ရထားတွဲမှာ ခေါင်မိုးပေါက်သွားကြောင်း၊ အခင်းဖြစ်ပွားရာသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးပြီး ဒဏ်ရာရလူနာများအား တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသ၍ လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ အသေးစိတ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောက်ပ မှိ၏

အထက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၁၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၁၉ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မေလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင် မုတ်သုံလေသည် မေလ တတိယ (၁၀)ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် လေးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅၀ စင်တီမီတာ (ငါးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇၅ စင်တီမီတာ (နှစ်ပေခွဲခန့်) လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၇၅ စင်တီမီတာ (နှစ်ပေခွဲခန့်) လက်ရှိ ရေမှတ်များ၏အထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

7;00 1/ rifuG;q&mawmfu D y&dwfw&m;awmf
- a,mq&mawmf
a[m mlum;awmf aom
Oyg;wo Edg;Vdawmf

7;25 2/ uefrmzdYwlup;pdY
7;30 3/ eHuCcifowif
7;40 4/ jrwfPfwmfbcif (oefrwpd aw;a&;- armiarmifvwf)
7;50 5/ oH mcdt; r*Fmaw;
8;00 6/ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
8;10 7/ jynfaxmifpwdf&ifom; ½dk mtu
8;20 8/ tqdydfG
8;25 9/ tuya'om
8;30 10/ EdifhDG;tav;xm; au;vufxwfuefm;
8;40 11/ International News
8;45 12/ aw;*DwtpDp0f
9:00 13/ tpDp0fyD/

ညပိုင်း

4;00 1/ ppfcDw;? ppfo nfw;
4;10 2/ cppf&mht&Gfulu ulcdoGf
4;20 3/ twjydyfG
4;35 4/ aw;*DwtpDp0f
4;45 5/ ta0;oifwuodvf ynma&; ½yfrifobHm; oifcefpm yxrEpf ("mwaA' txjy) ("mwaA')
5;00 6/ rdcppfdvf mwf&Sfbef xufruf&;aw;rm;
5;05 7/ ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ
5;10 8/ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
5;25 9/ သဘာဝဘေးအန္တရာယ်များ
5;30 10/ အက္ခရာများက ပြောသောစကား
6;00 11/ naecifowif
6;15 12/ rdav0otajctae
6;20 13/ aym&Tapaomae Yufm; အချစ်ကော်ဖီ (tydf-51) udvif &dJ,? ,ZeAdvfrifha&yfcD ('g½dufwm- atmifausmbd&)
6;40 14/ xlqefaxGmrm;ud odyHifh0fuyfcif
7;00 15/ EdfjHm;Zmwfvrfwf G ချစ်သူနယ်နိမိတ် ('wd wjG (tydf-33)
8;00 16/ jynfwGfowif
17/ EdfWumowifrm;
18/ rdav0otajctae
19/ အစာလည်းဆေး၊ ဆေးလည်းအစာ
20/ EdfjHm;Zmwfvrfwf G ထူးခြားသောမိသားစု (tydf-17)
21/ EdfjHm;Zmwfvrfwf G သစ္စာလွှမ်းသောမေတ္တာ (tydf-60)
22/ tpDp0fyD/

အသိပညာမြင့်မားရေးကွန်ရက်တည်ဆောက်မှုနှင့် ပခုက္ကူစာပေဆု

မောင်မိုးနောင်(လယ်ဝေး)

ပခုက္ကူမြို့၏ ၂၀၁၁ ခုနှစ် မေလ ၁၆ ရက်နေ့ နံနက်ခင်းသည် ကျက်သရေရှိလွန်းလှသည်။ ပြီးခဲ့သောရက်များက မိုးရွာထားသဖြင့်လည်း အလွန်ပူသည်ဟူသော ပခုက္ကူသည် ယနေ့ မပူ။ မြို့နှင့် အနီးဝန်းကျင်မှ ထန်းတောညိုညို၊ ထနောင်းပင်စိုစိုတို့ကလည်း မြို့၏အလှ၊ မြို့၏ကျက်သရေကို အားဖြည့်ပေးထားသည်။ ထိုနေ့သည်ကား ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ဆုနှင်းသဘင်ကျင်းပသည့်နေ့ပင်ဖြစ်သည်။ (၁၈)ကြိမ်မြောက်ကျင်းပသည့် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုနှင်းသဘင်ဖြစ်သကဲ့သို့ ပခုက္ကူမြို့တွင် (၉)ကြိမ်မြောက် သွားရောက်ကျင်းပခြင်းလည်းဖြစ်သည်။

စာပေဆုနှင်းသဘင် အခမ်းအနားကို နံနက် ၉ နာရီတွင် မြို့ကျက်သရေဆောင် ပြည်သာယာခန်းမ၌ စတင်ကျင်းပသည်။ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ချီးမြှင့်ပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် မကွေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မင်းတို့လည်း တက်ရောက်ကြသည်။ ပခုက္ကူမြို့ခံများအနေဖြင့်ကား ခရိုင်နှင့် မြို့နယ်မှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စာပေဝါသနာရှင်များ စသည်ဖြင့် အတော်ပင် စုံစုံလင်လင် တက်တက်ကြွကြွ တက်ရောက်ကြသည်။

ပညာရေးဆိုင်ရာ ထူးချွန်ဆုများလည်း ပါဝင်ချီးမြှင့်သည်ဖြစ်ရာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပခုက္ကူစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် စာပေပညာရှင်ကြီးများလည်း တက်ရောက်ကြသည်။

ပခုက္ကူ မြို့သူမြို့သားများ၏ စာပေဆုနှင်းသဘင်အပေါ် အလေးထားမှုကား ရင်သပ်အံ့သြ ဖြစ်ရသည်။ နံနက် ၈ နာရီခန့်ကစ၍ မြို့ခံပရိသတ်များ လာရောက်ကြသည်မှာ ပရိသတ် ၅၀၀ ကျော်ဆံ့သည့် ပြည်သာယာခန်းမကြီးတွင် နံနက် ၈ နာရီမခွဲမီကပင် ပြည့်နေပြီဖြစ်သည်။

ပခုက္ကူ မြို့သူမြို့သားများ ဤမျှ တက်ကြွပျော်ရွှင်နေသည်ကို စာရေးသူ စောကြောနေမိသည်။ ယခုလို ပခုက္ကူမြို့၌ စာပေဆုနှင်းသဘင် ကျင်းပနိုင်ခြင်းနှင့်အတူ ပခုက္ကူ မြို့သူမြို့သားတို့၏ ဆန္ဒနှင့်အညီ ယခင် "ပခုက္ကူ ဦးအုံးဖေ စာပေဆု"မှသည် "ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု" ဟူ၍ ပြောင်းလဲခေါ်ဝေါ် သုံးစွဲနိုင်ခြင်းတို့ကြောင့်ပင်ဖြစ်မည်ဟု ထင်သည်။ ယင်းဆုနှင်းသဘင်အခမ်းအနားတွင် မြို့ခံစေတနာရှင်များနှင့် အခြားပုဂ္ဂိုလ်များကပါ ပခုက္ကူစာပေဆု ရန်ပုံငွေအတွက် အားတက်သရော လှူဒါန်းကြသည်ကို တွေ့မြင်ရသည်။ ထိုနေ့က စေတနာရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ခုနစ်ဆယ့်သုံးသိန်းငါးထောင်ဖြစ်ကြောင်း သိရသည်။

စာပေဆုနှင်းသဘင်အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မိန့်ခွန်းမြွက်ကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီး၏ မိန့်ခွန်းတွင် ကျွန်တော်တို့ အမှတ်မဲ့ထားခဲ့သော အကြောင်းအရာတစ်ခုပါရှိလာသည်ကို တွေ့ရသည်။ ထိုအကြောင်းအရာသည်ကား ယခုကဲ့သို့ စာပေဆိုင်ရာဆုများ ချီးမြှင့်ခြင်းနှင့် ပညာထူးချွန်ဆုများ ချီးမြှင့်ခြင်းသည်]]todnmjrifm;a&;uGufwnfaqmufjcif}}ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းပင်ဖြစ်သည်။ နိုင်ငံတစ်ခုတွင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရသကဲ့သို့ စိတ်ပိုင်းဆိုင်ရာ၊ အသိဗဟုသုတဆိုင်ရာတို့တွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတစ်ခုတွင် ရုပ်ပိုင်းဆိုင်ရာ ရင်းမြစ်များ၊ အခြေခံများ မည်မျှပင်ကြွယ်ဝစေကာမူ စိတ်ပိုင်းဆိုင်ရာဖြစ်သော အသိဗဟုသုတများ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိက အဆိုပါနိုင်ငံအနေဖြင့် တိုးတက်လာမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် ယခုကဲ့သို့ စေတနာရှင် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ချီးမြှင့်ခြင်း၊ ပညာထူးချွန်ဆုများ ချီးမြှင့်ခြင်းသည် ပြည်ထောင်စုဝန်ကြီး မိန့်ကြားသကဲ့သို့ပင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက်]]todnmjrifm;a&;uGufwnfaqmufjcif}}ပင် ဖြစ်ကြောင်း အလေးအနက်ခံယူမိခဲ့သည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က စာပေဆုရန်ပုံငွေ ထူထောင်လျက် စာပေဆိုင်ရာဆုများ ချီးမြှင့်ခြင်းကို ပခုက္ကူ ဦးအုံးဖေက စတင်ခဲ့ခြင်းဖြစ်သည်။ စာပေလောကတွင် ပုဂ္ဂလိကစာပေဆုများ ပေါ်ပေါက်လာရေးအတွက် လမ်းပြရှေ့ဆောင်ဖြစ်ခဲ့သည်။ တစ်နည်းအားဖြင့် နိုင်ငံအတွက် အသိပညာ မြင့်မားရေးဆိုင်ရာ ကွန်ရက်တစ်ခုကို စတင်ဖြည့်စွက်တည်ဆောက်ခဲ့သူလည်း ဖြစ်သည်။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရည်သန်၍ ပခုက္ကူမြို့ သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေက ၁၉၉၂ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ငွေသား ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်ကို နိုင်ငံတော်ကို လွှဲအပ်လျက် "ပခုက္ကူ ဦးအုံးဖေစာပေဆု"ဟု အမည်တွင်သော စာပေရန်ပုံငွေတစ်ရပ် ထူထောင်လျက် ၁၉၉၃ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေစာပေဆု ပြိုင်ပွဲမှစ၍ ဆုများပေးခဲ့သည်။ စာပေရန်ပုံငွေတစ်ရပ် ဖြစ်မြောက်အောင် ထူထောင်ရေးအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီက ဦးအုံးဖေ၏ ဆန္ဒအတိုင်း စာပေရန်ပုံငွေကြီးကြပ်ရေးကော်မတီ စည်းမျဉ်းကို ဥပဒေပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲခဲ့စဉ်က အလှူရှင် ဦးအုံးဖေက စာပေဆု၏ အမည်ကို]]ycuLpmayq}}ဟု သတ်မှတ်ရန် ဆန္ဒရှိခဲ့ကြောင်း ထိုစဉ်က ကိုယ်တိုင်ပါဝင်ခဲ့သူများနှင့် ကာယကံရှင် မိသားစုများထံမှ သိရှိခွင့်ရရှိခဲ့သည်။ သို့ရာတွင် ထိုစာပေဆု၏ ရန်ပုံငွေစည်းမျဉ်းရေးဆွဲရေးအဖွဲ့ အဖွဲ့ဝင်အများစု၏ ဆန္ဒအရ "ပခုက္ကူ ဦးအုံးဖေစာပေဆု"ဟူ၍ ပေါ်ပေါက်လာခဲ့ရကြောင်းလည်း တစ်ဆက်တည်း သိရှိရသည်။

ပခုက္ကူ ဦးအုံးဖေစာပေဆုဟူ၍ ဖြစ်ပေါ်လာပြီးနောက် ၁၉၉၃ ခုနှစ်အတွက် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပထမဆုံး ဆုချီးမြှင့်ရာတွင် ပထမဆုများသာ ချီးမြှင့်ခဲ့ပြီး ဒုတိယအကြိမ်၊ တတိယ အကြိမ်အထိကိုမူ ပထမဆုနှင့် ဒုတိယဆုများ ချီးမြှင့်ခဲ့သည်။ ၁၉၉၆ ခုနှစ်အတွက် ချီးမြှင့်သော ဆုများမှစ၍ ပထမ၊ ဒုတိယနှင့် တတိယဆုအထိ တိုးချဲ့ချီးမြှင့်ခဲ့သည်။ ပခုက္ကူ ဦးအုံးဖေစာပေဆု စတင်ချိန်မှ ယနေ့အထိ ကဗျာပေါင်းချုပ်ဆု၊ ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆုဟူ၍ ဘာသာရပ်ငါးမျိုး သတ်မှတ်၍ ဆုချီးမြှင့်ခဲ့သည်။ ထို့အပြင် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုများကိုလည်း ချီးမြှင့်ခဲ့ရာ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် (၁၂)ကြိမ်မြောက် ဆုနှင်းသဘင်တို့တွင် နှစ်ဦးစီနှင့် ကျန်အကြိမ်များတွင် ယခုကျင်းပသော (၁၈)ကြိမ်မြောက်အထိ တစ်ဦးစီ ချီးမြှင့်ခဲ့ရာ စုစုပေါင်း ၂၁ ဦးကို ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

မူလအလှူငွေဖြစ်သော ၇၆၀၁၂၇၉ ကျပ်ကို ၁၉၉၂ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ပခုက္ကူမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် စတင်အပ်နှံခဲ့ပြီး ၂၂-၂-၂၀၀၃ ရက်နေ့တွင် ကျပ်သိန်း ၅၀ ထပ်မံလှူဒါန်းခဲ့သည်။ အလှူရှင် စတင်လှူဒါန်းခဲ့သော ငွေကျပ် ၇၆ သိန်းကျော်သည် ထိုခေတ်ကာလ၏ အခြေအနေအရကြည့်ပါက အလွန်များပြားသော ပမာဏဖြစ်သည်။ သို့ရာတွင် ခေတ်ကာလအခြေအနေ ပြောင်းလဲလာမှုများအရ မူလငွေနှင့် ဖြည့်စွက်လှူဒါန်းငွေတို့အပေါ်မှ ရရှိသောအတိုးငွေကို သတ်မှတ်စည်းမျဉ်းများအရ စာပေဆုရှင်များသို့ ချီးမြှင့်ရာတွင် ခေတ်ကာလအခြေအနေအရ ပမာဏ နည်းပါးသကဲ့သို့ ဖြစ်လာပြီး ဆုချီးမြှင့်ပွဲအတွက် အသုံးစရိတ်များ အပါအဝင် ကုန်ကျမှုများ များပြားလာသဖြင့် ဘဏ္ဍာရေးစည်းမျဉ်း၏ သတ်မှတ်ချက်အရ တစ်နှစ်တာအတွင်း ဘဏ်တိုးငွေမှရရှိသည့် အချိုးကျ ရငွေမှာ မလုံမလောက်ဖြစ်လာသည်။

ပခုက္ကူ ဦးအုံးဖေ မကွယ်လွန်မီကာလကပင် ထိုမလုံလောက်မှုကို ဖြည့်စွက်သုံးစွဲနေရပြီဖြစ်ရာ ဤစာပေဆု ရေရှည်တည်တံ့ရေးအတွက် နည်းလမ်းတစ်ခုရှာရန် လိုအပ်လာသည်။ ဤတွင် ပခုက္ကူ ဦးအုံးဖေစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီနှင့် ပခုက္ကူ ဦးအုံးဖေ၏ အမွေခံမိသားစုများ၊ ပခုက္ကူမြို့မှ မြို့မိမြို့ဖများ ဆွေးနွေးတိုင်ပင်ကာ မူလက ပခုက္ကူ ဦးအုံးဖေကိုယ်တိုင်၏ဆန္ဒနှင့်လည်းညီ၊ ပခုက္ကူ မြို့သူမြို့သားများ၏ ဆန္ဒနှင့်လည်းညီသည့် "ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု" ဟု အမည်ပြောင်းလဲရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြလေသည်။ ဤတွင် စာပေဆု၏ အနေအထားမှာလည်း ပို၍ဘောင်ကျယ်လာကာ မည်သူမဆို စာပေဆုရန်ပုံငွေတွင် လှူဒါန်းလာနိုင်သည့်အခြေအနေသို့ ရောက်ရှိလာသည်။ နောက်တစ်ဆင့်သို့ မြင့်တက်လာခဲ့ခြင်းလည်းဖြစ်သည်။ ထို့ကြောင့်လည်း ယခုစာပေဆုချီးမြှင့်ပွဲတွင် ပခုက္ကူမြို့ခံများနှင့် အခြားသော စေတနာရှင်များက အလှူငွေကျပ် ၇၃ သိန်းကျော် လှူဒါန်းလာကြခြင်းလည်းဖြစ်သည်။ ဤသို့ မြင့်တက်လာခဲ့ခြင်းအတွက် ကမကထပြုဆောင်ရွက်ခဲ့ကြသည့် ပခုက္ကူမြို့မှ မြို့မိမြို့ဖများကို အထူးကျေးဇူးတင်ရမည်ဖြစ်သည်။

ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပတ်သက်၍လည်း အနည်းငယ်တင်ပြလိုပေသည်။ ပညာရည်ချွန်ဆုများတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)တို့မှ နှစ်စဉ် ထူးချွန်ကျောင်းသားတစ်ဦးစီ စုစုပေါင်း နှစ်ဦးချီးမြှင့်သည်။ မည်သည့်နှစ်၊ မည်သည့်ဘာသာရပ်ဟူ၍ သတ်မှတ်မထားဘဲ ထိုတက္ကသိုလ်နှစ်ခုမှ ရွေးချယ်သော တစ်ဦးစီကို နှစ်စဉ်ချီးမြှင့်ခြင်းဖြစ်သည်။

နောက်ထပ် ပညာရည်ချွန်ဆုမှာ မြန်မာစာတစ်ခုတည်းနှင့်သာ သက်ဆိုင်သော ဆုဖြစ်သည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် တက္ကသိုလ်တစ်ခုခုတွင် မြန်မာစာအဓိကဖြင့် ပညာဆက်လက်ဆည်းပူးနေသူ တစ်နိုင်ငံလုံးရှိ ကျောင်းသူ ကျောင်းသားများမှ မြန်မာစာ အမှတ်အများဆုံး လေးဦးကို ချီးမြှင့်ခြင်းဖြစ်သည်။ ကျန်ရှိသော ပညာရည်ချွန်ဆုအမျိုးအစားကား တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာရပ်အလိုက် တစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးရရှိသူများကို ချီးမြှင့်သည့်ဆုဖြစ်သည်။ ဤဆုများကို ၁၉၉၉ ခုနှစ်တွင် စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး စတင်ချီးမြှင့်စဉ်က မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်ငါးမျိုးတွင် ပထမ၊ ဒုတိယနှင့် တတိယ အမှတ်အများဆုံး ရရှိသူများကို ဆုချီးမြှင့်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှစတင်၍ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သင်္ချာ ဘာသာရပ်သုံးခုတွင် အမှတ်အများဆုံး သုံးဦးစီကို ပထမ၊ ဒုတိယနှင့် တတိယဟူ၍ ချီးမြှင့်ပေးပြီး ကျန်ရှိသော ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒနှင့် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်များတွင် အမှတ်အများဆုံး ရရှိသူများကို ရွေးချယ်ချီးမြှင့်ခဲ့သည်။

ပခုက္ကူ ဦးအုံးဖေအနေဖြင့် ဤကဲ့သို့ အသိပညာမြင့်မားရေးကွန်ရက် တည်ဆောက်ခဲ့ခြင်းသည် ကာယကံရှင်၏ သားသမီးများ၊ တူသားများ၊ ဆွေရင်းမျိုးချာများအတွက် သက်သက်ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပေ။ အများအတွက်၊ တိုင်းပြည်ဖွံ့ဖြိုးဖို့အတွက် စိတ်ကောင်းစေတနာကောင်းကို အခြေခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပခုက္ကူဦးအုံးဖေ၏ ဆောင်ရွက်ချက်များကို ဆက်လက်ဆောင်ရွက်နေကြသူများမှာလည်း အများအတွက်၊ တိုင်းပြည်အတွက် ဆောင်ရွက်နေကြခြင်းပင်ဖြစ်ရာ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် ဆောင်ရွက်ကြရမည်သာ ဖြစ်သည်။ ကျွန်တော်တို့မျိုးဆက်များသည် တာဝန်သိစိတ်၊ တာဝန်ယူစိတ်များဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုလျက် ဆောင်ရွက်ကြရပါမည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးသည် အသိပညာ မြင့်မားရေး ဆောင်ရွက်နေသည့် ကွန်ရက်ကြီးဖြစ်ပြီး အဓိကမဏ္ဍိုင်အဖြစ် ဆောင်ရွက်ကြမည့် အဖွဲ့အစည်းကြီးလည်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး၏ မိန့်ကြားချက်တွင် ပါရှိသည်။ အမှန်တကယ်တွင်လည်း အသိပညာမြင့်မားရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်နေသော အဖွဲ့အစည်းကြီး ဖြစ်ပေသည်။ မကြာမီကပင် စာအုပ်စာစောင်များ ရောင်းချသည့်ဆိုင်များ၊ တစ်နည်းအားဖြင့် Media Corner များကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည်။ စာအုပ်စာစောင်များကို အများပြည်သူ သွားရင်းလာရင်း လွယ်ကူစွာ ဝယ်ယူဖတ်ရှုနိုင်ရေး၊ စာအုပ်စာစောင် ဝယ်ယူရန် သီးခြားအချိန်မပေးရဘဲ ဝယ်ယူဖတ်ရှုနိုင်ရေး ရည်ရွယ် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ မန္တလေးမြို့အပါအဝင် အခြားသောမြို့များတွင်လည်း တိုးချဲ့ဖွင့်လှစ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ ပြည်သူများ စာဖတ်လာပြီး စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုကာ စာပေဆုရ စာအုပ်စာစောင်များကဲ့သို့သော တန်ဖိုးရှိသည့် စာပေများ ပြည်သူတို့၏ အသိဉာဏ်ထဲ ရောက်လာအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာစာကြည့်တိုက်များနှင့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းကြီးတို့ကလည်း တစ်ဖက်တစ်လမ်းက အားဖြည့်ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၀ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၌ ဆုပေါင်း ၁၄ ဆု ချီးမြှင့်နိုင်ခဲ့သည်။ တစ်သက်တာစာပေဆုကိုကား ဘာသာပြန်၊ ပင်ကိုရေး စွယ်စုံရေးသားခဲ့သော စာရေးဆရာကြီး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)ကို ချီးမြှင့်ခဲ့သည်။ ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ခြင်းဖြင့် မင်္ဂလာရှိသောအမှုကို ပြုခဲ့ပြီ ဖြစ်လေသည်။ ထို့ကြောင့်ပင် နွေနှောင်းကာလ၏ အပူဆုံးဖြစ်ရမည့်အချိန်တွင် ယနေ့ သင့်တင့်ရုံသာပူသော ပခုက္ကူမြို့သည် ကျက်သရေရှိ လှပနေလေသည်။

အခမ်းအနားအပြီးတွင် ပခုက္ကူမြို့ ငွေလမင်းစားသောက်ဆိုင်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ဆုရ စာရေးဆရာများလည်း ပြုံးပြုံးရွှင်ရွှင်၊ ဆုရ ကျောင်းသူ ကျောင်းသားများလည်း ပြုံးပြုံးရွှင်ရွှင်၊ ဖိတ်ကြားတက်ရောက်ကြသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များနှင့် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ၊ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့မှ ပုဂ္ဂိုလ်များလည်း ပြုံးပြုံးရွှင်ရွှင်၊ မြို့ခံတာဝန်ရှိသူများ၊ မြို့မိမြို့ဖများလည်း ပြုံးပြုံးရွှင်ရွှင်ဖြင့် မြင်ကြရသည်။

ကျွန်တော်တို့သည် အခြားသော တိုင်းပြည်နိုင်ငံများကဲ့သို့ ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံကို တည်ထောင်ကြမည့်သူများ၊ မျိုးဆက်များဖြစ်ကြသည်။ စာပေဆုပေးပွဲကြီးသည် အသိပညာမြင့်မားရေးကွန်ရက်တည်ဆောက်မှု၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်သော်ငြား အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြပြီ ဖြစ်သည်။ ဆက်လက်၍လည်း အသိပညာမြင့်မားရေးကွန်ရက် တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေကြရပါဦးမည်။ တိုးမြှင့်၍လည်း ဆောင်ရွက်ကြရပါဦးမည်။ ကိုယ်စီကိုယ်စီ တာဝန်ယူဆောင်ရွက်ကြရပါဦးမည်။

ယနေ့ ပခုက္ကူမြို့သည်ကား နွေနှောင်းကာလ၏ ခပ်ပျော့ပျော့နေပူရှိန်က လွှမ်းခြုံထားငြား လေပြည်လေညင်းလေးများ တိုက်ခတ်မှုကြောင့် အေးမြသစ်လွင်နေပါတော့သည်။ ။

အဆိုတော်ရိန်း၏ ရှေ့ဆက်ရမည့်ခရီး

မကာအို မေ ၁၈

တောင်ကိုရီးယားအဆိုတော် ရိန်း (အောက်ပုံ)ဟာ လွန်ခဲ့တဲ့ကိုးနှစ်က သာမန်အကသမားဘဝကနေ အာရှမှာ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားလာခဲ့သူတစ်ယောက် ဖြစ်ပါတယ်။ သူဟာ အဆိုတော်လည်းဖြစ်ပြီး သရုပ်ဆောင်လည်း ဖြစ်ပါတယ်။

အဆိုတော်ရိန်းဟာ ဟောလီဝုဒ် ရုပ်ရှင်ကားနှစ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီးတဲ့နောက် ပိုပြီးလူသိများ ကျော်ကြားလာပါတယ်။ သူပါဝင် သရုပ်ဆောင်ထားတဲ့ ဟောလီဝုဒ် ရုပ်ရှင်ကားတွေကတော့ Speed Racer နဲ့ Ninja Assassin တို့ပဲ ဖြစ်ပါတယ်။

တစ်ခဏတာ

ဒါပေမယ့်လည်း သူ့ရဲ့ရှင်သန်နေတဲ့ အနုပညာသမားဘဝကို ဆက်လက် ရှင်သန်ခွင့်ပေးဖို့ဆိုတာ တစ်ခဏတာမဖြစ်နိုင်တော့ပါဘူး။ ဒါကလည်း အခြေအနေနဲ့ အချိန်အခါအရ စစ်မှုထမ်းရတော့မှာ ဖြစ်လို့ပါပဲ။ သူဟာ ဒီနှစ်ကုန်ပိုင်းမှာစတင်ပြီး နှစ်နှစ်ကြာ စစ်မှုထမ်းရမှာ ဖြစ်ပါတယ်လို့ သတင်းများက ဆိုပါတယ်။ အသက် ၂၀ ရှိပြီဖြစ်တဲ့ အဆိုတော်ရိန်းက ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာမှ မပြောခဲ့ပါဘူး။

အဆိုတော်ရိန်းဟာ တောင်ကိုရီးယား စစ်တပ်မှာ စစ်မှုမထမ်းမီ နောက်ဆုံး အာရှခရီးစဉ်အဖြစ် တရုတ်နိုင်ငံတောင်ပိုင်း မကာအိုမြို့မှာ လွန်ခဲ့တဲ့ မေ ၁၄ ရက်က သူချစ်တဲ့ ပရိသတ်တွေကို ဖျော်ဖြေခဲ့ပါတယ်။

ထိခိုက်

စတိတ်ရှိုးဖျော်ဖြေမှု မစတင်မီ သတင်းထောက်တွေနဲ့ သတင်းစာရှင်းလင်းပွဲလုပ်တာ နှစ်နာရီခွဲလောက် ကြာခဲ့တယ်လို့ ဆိုပါတယ်။ ဒီသတင်းစာ ရှင်းလင်းပွဲမှာ အဆိုတော်ရိန်းရဲ့ မန်နေဂျာတွေ သဘောတူ ခွင့်ပြုချက်မရဘဲ မေးခွန်းတွေ မေးတာ မလုပ်ဖို့ ပွဲကြီးကြပ်တာဝန်ရှိသူတွေက တားမြစ်ခဲ့ပါတယ်။ ရုပ်ရှင်နဲ့ဂီတကို ဘယ်လိုအဆက်ဖြတ်မလဲဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မေးခွင့်မပေးပါဘူး။ ဒီမေးခွန်းဟာ သူ့ရဲ့ရှင်သန်နေတဲ့ ဂီတနဲ့ရုပ်ရှင်သမားဘဝကို အမှန်တကယ် ထိခိုက်စေပါတယ်။ သူ့မှာ ရှေ့ဆက်ရမယ့်ခရီးတွေ ရှိနေသေးတယ်လို့ ရိန်းက ဆိုပါတယ်။ မှန်ပါတယ်။ သူဟာ အသက် ၂၀အရွယ်မှာပဲ နာမည်ကျော် အနုပညာရှင်တစ်ယောက်ဖြစ်နေပါပြီ။ သူ့ဘဝမှာ အောင်မြင်မှုတွေ ထပ်ရဖို့ ကြိုးစားနေရဦးမယ်လို့ သူ့ရဲ့ ရှေ့ဆက်ရမယ့် ခရီးအတွက် သူ့ရဲ့ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

သရုပ်ဆောင်

ရိန်းက မကြာသေးမီက ရိုက်ကူးပြီးစီးခဲ့တဲ့ သူ့ရဲ့ ရုပ်ရှင်ဇာတ်ကားသစ်ဖြစ်တဲ့ Living in the Sky ဇာတ်ကားမှာ လေယာဉ်မှူးတစ်ယောက်အဖြစ် သရုပ်ဆောင်ထားတဲ့အကြောင်း၊ အချစ်ဇာတ်လမ်းတွဲ ဒရာမာကားတွေနဲ့ အက်ရှင်ကားတွေမှာ များများရိုက်ကူးလိုတဲ့အကြောင်းတွေကိုတော့ သူက ပြောခဲ့ပါတယ်။

နှစ်ခြိုက်

အဆိုတော် 'ရိန်း' ကို 'ရိန်း'ဆိုတဲ့ အမည်နဲ့ လူသိများခဲ့ပါတယ်။ 'ရိန်း'ဆိုတဲ့ နာမည်ကို သူအလွန်နှစ်ခြိုက်နေပါတယ်။ ဒါကြောင့် အဆိုတော် 'ရိန်း' ရဲ့ မန်နေဂျာများက ရိန်းရဲ့ အမည်ရင်းဖြစ်တဲ့ ဂျွန်ဂျီဟွန်း အမည်ကို ထုတ်ဖော်မရေးသားဖို့လည်း ပြောကြားခဲ့ကြပါတယ်။ သူဟာ 'ရိန်း' ဆိုတဲ့နာမည်နဲ့ ကိုရီးယားတေးအယ်လ်ဘမ်ငါးခုနဲ့ ဂျပန် တေးအယ်လ်ဘမ်တစ်ခု ထွက်ပြီးပါပြီ။

အဆိုတော်နဲ့ သရုပ်ဆောင်ရိန်းဟာ အာရှရုပ်ရှင်ကားများနဲ့ တေးအယ်လ်ဘမ်တွေမှာ အောင်မြင်ပြီးတဲ့နောက် အမေရိကမှာ အောင်မြင်တဲ့သူတစ်ယောက်ဖြစ်ဖို့ ဆက်လက်ကြိုးစားနေသူဖြစ်ပါတယ်။

ကိုးကား-အင်တာနက်

ဖြင့်မောင်စိုး စုစည်းသည်

ကိုလံဘီယာအဆိုတော် ရှာကီရာ ဗင်နီဇွဲလားသမ္မတထံ ဂစ်တာလက်ဆောင်ပေး

ကာရာကာ့စ် မေ ၁၈

ကိုလံဘီယာအဆိုတော် ရှာကီရာ(အပေါ်ပုံ)သည် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်ထံသို့ အနီရောင် လျှပ်စစ်ဂစ်တာတစ်လုံးကို အမှတ်တရ လက်ဆောင်အဖြစ်ပေးပို့ခဲ့ကြောင်း မေ ၁၆ ရက်က အင်တာနက်စာမျက်နှာတွင် ဖော်ပြခဲ့သည်။ ဂရမ်မီဆုရသူလည်းဖြစ်၊ တေးရေး တေးဆိုသူလည်းဖြစ်သည့် အဆိုတော် ရှာကီရာသည် မတ်လက တောင်အမေရိကနိုင်ငံ ဗင်နီဇွဲလားသို့ သွားရောက်ဖျော်ဖြေခဲ့ပြီးနောက် ယင်းဂစ်တာကို ပေးပို့ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းအတွက် အဆိုတော်ရှာကီရာအား ကျေးဇူးအထူးတင်ကြောင်း သမ္မတ ဟူဂိုချာဗက်ဇ်က မေ ၁၅ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ပြောကြားခဲ့

"ကျွန်တော် မနေ့ညက စ တီးကြည့်တယ်၊ လွယ်မယောင်နဲ့ အတော်ခက်တာပဲ၊ ဒီဂစ်တာက လျှပ်စစ်ဂစ်တာဆိုတော့ အလွန်ခေတ်မီတာပေါ့၊ ကျွန်တော်က ဒါကိုသိပ်မသုံးတတ်သေးဘူး"ဟု ချာဗက်ဇ်က နိုင်ငံပိုင်ရုပ်မြင်သံကြားသို့ ဖုန်းဖြင့်ပြောကြားခဲ့သည်။ (အင်တာနက်)

ကမ္ဘာကျော် မင်းသားကြီး အာနိုး နောက်ကြောင်းအမှန် ဖြန့်ဖြောင်းဝန်ခံ

ကောင်းမြတ်သူ ရေးသားသည်

လော့စ်အိန်ဂျလိစ် မေ ၁၈

ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း မင်းသားကြီးအာနိုးဟာ ဆယ်စုနှစ်တစ်ခုအတွင်း ဝန်ထမ်းအမျိုးသမီးတစ်ဦးနဲ့ တိတ်တိတ်ပုန်း ချစ်ကြိုက်ခဲ့ရာမှ ကလေးတစ်ဦးရှိခဲ့ကြောင်း မေ ၁၇ ရက်က လူသိရှင်ကြား ဝန်ခံပြောကြားလိုက်ပါတယ်။

ကာယဗလ မောင်ဟောင်း မင်းသားကြီးအာနိုးဟာ အမေရိကန်သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီရဲ့ တူမအရင်းဖြစ်တဲ့ မာရီယာရှရီဗားနဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ သူမရဲ့ မိခင်ဖြစ်သူ ယူးနစ်ကနေဒီဟာ သမ္မတဟောင်း ကနေဒီရဲ့ ညီမအရင်းဖြစ်ပါတယ်။ သူ့အဖေကတော့ တပ်ကြပ်ကြီးရှရီဗားဖြစ်ပါတယ်။

မာရီယာရှရီဗားဟာ အမေရိကန် သတင်းထောက်တစ်ဦး ဖြစ်သလို အရောင်းရဆုံး စာအုပ်ခြောက်အုပ်ရေးသားခဲ့တဲ့ ကမ္ဘာကျော်စာရေးဆရာမလည်း ဖြစ်ပါတယ်။ သူနဲ့ မင်းသားကြီးအာနိုးတို့ဟာ ၁၉၈၆ ခုနှစ် ဧပြီ ၂၆ ရက်က လက်ထပ်ခဲ့ကြပါတယ်။ သူတို့မှာ သားသမီးလေးယောက် ထွန်းကားခဲ့ပါတယ်။

အနားယူ

သူတို့နှစ်ဦးဟာ အခြေကြီး အနေကြီးလူတန်းစားများမှ ပေါက်ဖွားလာခဲ့သူများဖြစ်သလို ကမ္ဘာကျော် လူသိများတဲ့ ဇနီးမောင်နှံလည်းဖြစ်ကြပါတယ်။ မင်းသားကြီးအာနိုးဟာ တစ်ဖက်က ရုပ်ရှင်ကားများ ရိုက်ကူးနေသလို ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလမှာ အုပ်ချုပ်ရေးမှူး တာဝန်မှ အနားယူခဲ့ပါတယ်။

မင်းသားကြီးအာနိုးဟာ ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး တာဝန် ထမ်းဆောင်နေစဉ်မှာပဲ သူ့ရဲ့ ဝန်ထမ်းတစ်ဦးနဲ့ ငြိစွန်းခဲ့ပါတယ်။ ဒါကြောင့်လည်း မင်းသားကြီး အာနိုးမှာ တိတ်တိတ်ပုန်းဇနီးရှိနေသလို သားတစ်ယောက်လည်း ရှိနေခဲ့ပါတယ်။ ဒီအကြောင်းကိုတော့ မင်းသားကြီး အာနိုးအနေနဲ့ တရားဝင်ဇနီးဖြစ်တဲ့ မာရီယာရှရီဗားကို အသိမပေးဘဲ ထားခဲ့ပါတယ်။

မင်းသားကြီး အာနိုးနှင့် ဇနီးဖြစ်သူ မာရီယာရှရီဗားတို့အား ၂၀၀၃ ခုနှစ်က ပါတီပွဲတစ်ခုတွင် တွေ့ရစဉ်။

အသိပေး

မကြာသေးမီကမှ မင်းသားကြီး အာနိုးက ဇနီးဖြစ်သူကို ဒီအကြောင်းကို ဝန်ခံအသိပေးခဲ့ပါတယ်။

ဒါ့ကြောင့်လည်း မာရီယာရှရီဗားနဲ့ အာနိုးတို့ အိမ်ထောင်ရေးဟာ ယိမ်းယိုင်လာပြီး လွန်ခဲ့တဲ့ မေ ၉ ရက်မှာတော့ နှစ်ဦးသား တည်ဆောက်ခဲ့တဲ့ ချစ်စံအိမ်လေးဟာ လုံးဝပြိုလဲသွားခဲ့ပါတယ်။

အသက် ၆၃ နှစ်ရှိ အာနိုးနဲ့ အသက် ၅၅ နှစ်ရှိ မာရီယာတို့ဟာ တရားရုံးမှာ တရားဝင်ကွာရှင်း ပြတ်စဲလိုက်ကြတာပါ။ ၂၅ နှစ်ကြာ တည်မြဲလာခဲ့တဲ့ သူတို့အိမ်ထောင်ရေး ပြိုကွဲခဲ့ချိန်မှာတော့ မွေးလာတဲ့ သားသမီးလေးယောက်ဟာ မြေစာပင်များဖြစ်ခဲ့ရပါပြီ။ ဒါပေမယ့်လည်း ဒီကလေးလေးယောက်ကို နှစ်ယောက်စလုံးက မိဘများအဖြစ် အုပ်ချုပ်မယ်လို့ သဘောတူခဲ့ကြပါတယ်။

မင်းသားကြီး အာနိုးနဲ့ တိတ်တိတ်ပုန်းဇနီးတို့ရခဲ့တဲ့ ကလေးဟာ ၁၀ နှစ်ကျော်လို့ ၁၁ နှစ်ထဲရောက်နေပြီလို့ သိရပါတယ်။ သူကတော့ ယောကျ်ားလေး ဖြစ်တယ်လို့ သိရပါတယ်။ သို့ပေမယ့် ထိုကလေးအမည်နဲ့ တိတ်တိတ်ပုန်းဇနီးတို့ရဲ့ အမည်ကိုတော့ တရားဝင်ထုတ်ဖော်ကြေညာထားခဲ့ခြင်း မရှိသေးပါဘူး။ မင်းသားကြီးအာနိုးက ထိုအကြောင်းအရာနဲ့ ပတ်သက်ပြီး ဇနီးဖြစ်သူကိုရော၊ သားတွေ သမီးတွေကိုရော ပြင်လို့မရတဲ့ အမှားတစ်ခုကို သူကျူးလွန်ခဲ့တဲ့အတွက် ဝမ်းနည်းကြေကွဲစွာ တောင်းပန်ရှာပါတယ်။ သို့ပေမယ့် မင်းသားကြီး အာနိုးရဲ့ နောင်တတွေဟာ ဇနီးဖြစ်သူ မာရီယာရှရီဗားအတွက်တော့ အချည်းအနှီးသာ ဖြစ်နေတော့ပါတယ်။ ***။ကိုးကား-အင်တာနက်***

မင်းသားကြီးအာနိုးနှင့် မိသားစုဝင်များ ပျော်ပျော်ရွှင်ရွှင်….။

နိုင်ငံတကာရုပ်ရှင်ပွဲတော် အိမ်ရှင်နိုင်ငံအဖြစ် ဗီယက်နမ် လက်ခံကျင်းပမည်

ဟနွိုင်း မေ ၁၈

ဗီယက်နမ်နိုင်ငံသည် တတိယအကြိမ်မြောက် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို မြို့တော်ဟနွိုင်းနှင့် ဟိုချီမင်းမြို့များ၌ ဇွန် ၈ ရက်မှ ၁၄ ရက်အထိ လက်ခံကျင်းပမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ဗီယက်နမ်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ပိုလန်၊ ဒိန်းမတ်နှင့် အီတလီနိုင်ငံတို့မှ ရုပ်ရှင်ဇာတ်ကားများ ပါဝင်ပြသမည်ဖြစ်ကြောင်း ဗီယက်နမ်ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားဝန်ကြီးဌာနက မေ ၁၇ ရက်တွင် ကြေညာသည်။

ပြောကြား

ပြသမည့်ရုပ်ရှင်ဇာတ်ကားများ၏ အဓိက အကြောင်းအရာများတွင် ကျေးလက်သဘာဝ၊ အမျိုးသမီးများ၏ဘဝနှင့် ဆင်းရဲချမ်းသာကွာဟသော လူမှုဘဝတို့ကို ဖော်ညွှန်းထားသည့် ဇာတ်ကားများ ပါဝင်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။ **(အင်တာနက်)**

ဝက်စ်ဟမ်းကစားသမားဟောင်း ကီဗင်ကင်း နည်းပြဖြစ်ရန် ဆန္ဒရှိ

လန်ဒန် မေ ၁၈

ဝက်စ်ဟမ်းယာယီနည်းပြ ကီဗင်ကင်း **(ဝဲပုံ)**သည် သူ့အနေဖြင့် ဝက်စ်ဟမ်းအသင်း၏ အမြဲတမ်းနည်းပြဖြစ်လိုကြောင်း ၎င်း၏ဆန္ဒကို ထုတ်ဖော်ကြေညာလိုက်သည်။

တာဝန်ယူ

အသက် ၄၁ နှစ်အရွယ်ရှိ ကီဗင်ကင်းသည် လာမည့် မေ ၂၂ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ ယှဉ်ပြိုင်ကစားမည့်ပွဲ နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ လွန်ခဲ့သည့်ရက်များက နည်းပြ ဂရန့်အား ဝက်စ်ဟမ်းအသင်းက နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့သည်။

ဆန္ဒရှိ

ဝက်စ်ဟမ်းအသင်းသည် လာမည့်ပရီမီယာလိဂ်ရာသီတွင် တန်းဆင်းရမည်ဖြစ်သည်။ မိမိအနေဖြင့် ဝက်စ်ဟမ်းအသင်း ပြန်လည်တိုးတက်ရေးအတွက် ကြိုးစားပေးရန်ဆန္ဒရှိကြောင်း၊ ယင်းအတွက် ဝက်စ်ဟမ်း အသင်းအမှုဆောင်နှင့် ပိုင်ရှင်များအား ဆွေးနွေးရန်အသင့်ရှိနေကြောင်း ကင်းက ပြောကြားသည်။

၎င်းသည် ၁၉၈၃ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဝက်စ်ဟမ်းအသင်းတွင် ကစားခဲ့သည့် ဘောလုံးသမားလည်းဖြစ်သည်။ ၎င်းအနေဖြင့် ဝက်စ်ဟမ်း လူငယ်ဘောလုံးသမားများကို လေ့ကျင့်သင်ကြားပေးရန်ဆန္ဒရှိနေသည်။

(အင်တာနက်)

မောင်ချစ်ကြည် ➢ စုစည်းသည်

ဂျာမနီ ဘောလုံးအသင်း ကစားသမား ၂၃ ဦး ရွေးချယ် တိုက်စစ်မှူး ကလိုဆေးပါဝင်လာ

ဘာလင် မေ ၁၈

ယူရို ၂၀၁၂ ခြေစစ်ပွဲနှစ်ပွဲနှင့် နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲတစ်ပွဲတို့၌ ကစားရန် ဂျာမနီဘောလုံးအသင်းအတွက် ဘောလုံးသမား ၂၃ ဦးအား နည်းပြဂျိုအာချင်လူက မေ ၁၆ ရက်က ရွေးချယ်လိုက်သည်။

ကစားရမည်

ဂျာမနီဘောလုံးအသင်းသည် ယူရို ၂၀၁၂ ခြေစစ်ပွဲ နှစ်ပွဲအဖြစ် သြစတြီးယားနှင့် အဇာဘိုင်ဂျန်အသင်းတို့နှင့် လာမည့်ဇွန်လ၌ ကစားရမည်ဖြစ်သည်။ တစ်ဖန် ဥရုဂွေးအသင်းနှင့် ယခုမေလနောက်ဆုံးသီတင်းပတ်၌ ချစ်ကြည်ရေးခြေစမ်းပွဲကစားရန်လည်း ရှိနေသည်။

ပြောကြား

ဂျာမနီအသင်း အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်မှာ ယခုပွဲစဉ်သုံးပွဲ၌ ပါဝင်ကစားမည်မဟုတ်ကြောင်း နည်းပြဂျိုအာချင်လူက ပြောကြားသည်။ ယခုရွေးချယ်ထားသည့် ၂၃ ဦးစာရင်းတွင် တိုက်စစ်မှူးများအဖြစ် ဂိုမက်ဇ်နှင့်ကလိုဆေးတို့ပါဝင်ပြီး အလယ်တန်းတွင် ဘန်ဒါ၊ ခါဒီရာ၊ မူလာ၊ အိုဇေးလ်၊ ပိုဒေါလ်စကီးတို့ပါဝင်ထားသည်။

ပါဝင်ထား

နောက်တန်းတွင် ဖရက်ဒရစ်၊ ဖီးလစ်လမ်း၊ ရှမီလ်ဇာ၊ ဟမ်မဲလ်နှင့် ဘက်စကူဘာတို့ပါဝင်ပြီး ဂိုးသမားအဖြစ် နူရာအက်လာနှင့် ဝီအီစီတို့ ပါဝင်ထားသည်။ *(အင်တာနက်)*

အားကစားသတင်းအတိုအထွာ

☆ မန်ယူတိုက်စစ်မှူး ရွန်နေအား အင်တာမီလန်အသင်းက ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ ပေး၍ ခေါ်ယူလိုကြောင်း ကမ်းလှမ်းမှုကို နည်းပြဖာဂူဆန်က ငြင်းဆိုလိုက်သည်။

☆ အာဆင်နယ်အသင်း ပြုပြင်ပြောင်းလဲမှု လုပ်ရန် လာမည့်နွေရာသီအတွက် ပေါင်သန်း ၄၀ ခွင့်ပြုထားမှုမှာ နည်းကြောင်း၊ အနည်းဆုံး ပေါင်သန်း ၆၀ သုံးစွဲရန် လိုအပ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက ပြောကြားသည်။

☆ ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် မိမိဂိုးသွင်းယူနိုင်မည်ဟု ယုံကြည်ကြောင်း ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက ပြောကြားသည်။

☆ မန်ယူတိုက်စစ်မှူးဟောင်း နစ္စတယ်ရွိုင်းအား လာမည့်နွေရာသီ၌ ခေါ်ယူရန် စီစဉ်နေကြောင်း စပါးကလပ်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

☆ ချယ်လ်ဆီးကွင်းလယ်ကစားသမား အက်ဆီယံက မိမိ၏ဘောလုံးသမားဘဝကို ချယ်လ်ဆီးအသင်း၌ ကုန်ဆုံးစေမည်ဖြစ်ကြောင်း၊ ချယ်လ်ဆီးမှ ထွက်ခွာရန်အစီအစဉ်မရှိကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။ *(အင်တာနက်)*

စပိန်ထိပ်တန်းကလပ် ရီးရဲမက်ဒရစ်နှင့် အင်ဂိုလာအသင်း ချစ်ကြည်ရေးခြေစမ်းပွဲကစားမည်

လူအန်ဒါ မေ ၁၈

စပိန်ထိပ်တန်းကလပ် ရီးရဲမက်ဒရစ်အသင်း**(အောက်ပုံ)**သည် အင်ဂိုလာဘောလုံးအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲကစားမည်ဖြစ်ကြောင်း အင်ဂိုလာဘောလုံးအဖွဲ့ချုပ်အရာရှိတစ်ဦးက မေ ၁၇ ရက်၌ ပြောကြားသည်။

စီစဉ်ထား

အင်ဂိုလာနိုင်ငံ လူအန်ဒါမြို့ တောင်ပိုင်း အားကစားကွင်း၌ မေ ၂၅ ရက်တွင် ယင်းဘောလုံးပွဲယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယှဉ်ပြိုင်

အင်ဂိုလာအသင်းသည် အာဖရိကဖလားဘောလုံးပြိုင်ပွဲ ခြေစမ်းပွဲအဖြစ် ကင်ညာအသင်းနှင့် ဇွန် ၆ ရက်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယခုအခါ အင်ဂိုလာအသင်းသည် ရီးရဲမက်ဒရစ်အသင်းနှင့် ခြေစမ်းပွဲကစားရန် ပြင်ဆင်နေပြီဖြစ်သည်။

(အင်တာနက်)

၂၀၁၈ ခုနှစ် ရိုင်ဒါဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ပြင်သစ် အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိ

ပါရီ မေ ၁၈

၂၀၁၈ ခုနှစ်အတွက် ရိုင်ဒါဖလားဂေါက်သီးရိုက်ပြိုင်ပွဲ အိမ်ရှင်အဖြစ် ပြင်သစ်နိုင်ငံက ကျင်းပခွင့် ရရှိသွားပြီ ဖြစ်ကြောင်း ရိုင်ဒါဖလား ဂေါက်သီးပြိုင်ပွဲကျင်းပရေး အမှုဆောင်ဒါရိုက်တာ ရျော့အိုဂရေး **(အပေါ်ပုံ)** က မေ ၁၇ရက်တွင် ကြေညာလိုက်သည်။ ပြင်သစ်သည် အိမ်ရှင်ဖြစ်လိမ့်မည်ဟု ရေပန်းစားနေသော စပိန်ကို ကျော်ဖြတ်ပြီး အိမ်ရှင်ကျင်းပခွင့်ရသွားခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အိမ်ရှင်အဖြစ် ပါရီမြို့အနီး လီအမည်ရှိ ဂေါက်ကွင်း၌ ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ပြင်သစ် နိုင်ငံသည် ယင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် ကျင်းပခွင့်ကို စပိန်၊ ပေါ်တူဂီ၊ ဂျာမနီနှင့် နယ်သာလန်တို့အား ကျော်ဖြတ်လျက် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခြင်း ဖြစ်သည်။

ယင်းရိုင်ဒါဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ပြင်သစ်နိုင်ငံအနေဖြင့် ပထမဆုံး ကျင်းပခွင့်ရခြင်းဖြစ်သည်။ သို့သော် ဥရောပအနေဖြင့် ဒုတိယအကြိမ် ကျင်းပခွင့်ရခြင်းဖြစ်သည်။ စပိန်နိုင်ငံက ၁၉၉၇ ခုနှစ်တွင် ယင်းရိုင်ဒါဖလားကို ကျင်းပခွင့်ရခဲ့သည်။ **(အင်တာနက်)**

မန်ယူနည်းပြ ဖာဂူဆန် အက်ဖ်အေ၏သတိပေးခြင်းခံရ

လန်ဒန် မေ ၁၈

မန်ယူနည်းပြ ဖာဂူဆန် **(ယာပုံ)**အား ဒိုင်လူကြီး ဟောဝပ်ဝက်ဘ်ကို ဝေဖန်ပြစ်တင်ခဲ့သည့်အတွက် နောက်တစ်ဖန် ထပ်မံဝေဖန်ခဲ့လျှင် ပြင်းပြင်းထန်ထန် အရေးယူခံရမည်ဖြစ်ကြောင်း အက်ဖ်အေက သတိပေးလိုက်သည်။

ဝေဖန်ခဲ့

နည်းပြဖာဂူဆန်သည် မေ ၈ ရက်က ချယ်လ်ဆီးနှင့် မန်ယူကစားသည့် ပြိုင်ပွဲမတိုင်မီ ဒိုင်လူကြီး ဟောဝပ်ဝက်ဘ်အား အက်ဖ်အေဘောလုံးစည်းမျဉ်းများကို ချိုးဖောက်နေကြောင်း၊ အက်ဖ်အေဘောလုံး စည်းမျဉ်းမှာလည်း ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို မလွန်ဆန်နိုင်ကြောင်း စသည်ဖြင့် ဝေဖန်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် မန်ယူက ချယ်လ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မန်ယူတို့ ယင်းနိုင်ပွဲကြောင့် ပရီမီယာလိဂ်ဖလားဆွတ်ခူးရန် အခွင့်အလမ်းသာသွားခဲ့သည်။ **(အင်တာနက်)**

ကောင်းမြတ်သူ
စုစည်းသည်

မန်စီးတီးက စတုတ်ကို ဂိုးပြတ်နိုင်၊ ချန်ပီယံလိဂ်တိုက်ရိုက်ကစားခွင့်ရနိုင်ဖွယ်ရှိ

လန်ဒန် မေ ၁၈

ပရီမီယာလိဂ်ပွဲစဉ် (၃၇) လက်ကျန်ပြိုင်ပွဲအဖြစ် မေ ၁၇ ရက် ညပိုင်းက မန်စီးတီးနှင့် စတုတ်တို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးက သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး အမှတ်ပေးဇယား နံပါတ် ၃ နေရာသို့ တက်လာကာ လာမည့်နှစ် ချန်ပီယံလိဂ်တိုက်ရိုက်ကစားခွင့်ရနိုင်ဖွယ်ရှိသည်။

မန်စီးတီးအတွက် ဦးဆောင်ဂိုးကို တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်က ပွဲစပြီး ၁၄ မိနစ်အကြာ ဂျိမ်းမီနာနှင့် အပေးအယူကစားပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယဂိုးကို ပွဲချိန် ၅၃ မိနစ်တွင် လက်စ်ကော့စ်က ခေါင်းတိုက်ဂိုးဖြင့် သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၆၅ မိနစ်တွင် တိုက်စစ်မှူး တီဗက်ဇ် **(ဝဲပုံ)**ကပင် ကိုက် ၃၀ အကွာမှ သွင်းယူခဲ့သည်။

ယှဉ်ပြိုင်ကစား

မန်စီးတီးအသင်းနှင့် စတုတ် အသင်းတို့ လွန်ခဲ့သော သုံးရက်က အက်ဖ်အေဖလား ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ မန်စီးတီးက ယင်းပြိုင်ပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ကစားခွင့်ရ

လာမည့် ပရီမီယာလိဂ်ပိတ်ပွဲကို မန်စီးတီးက ဘော်လ်တန်အိမ်ကွင်းတွင် သွားရောက်ကစားရမည်ဖြစ်ပြီး အာဆင်နယ်က ဖူလ်ဟမ်အသင်းနှင့် တွေ့မည်ဖြစ်သည်။ မန်စီးတီးအနေဖြင့် ဘော်လ်တန်အသင်းကို အနိုင်ကစားနိုင်မည်ဆိုပါက လာမည့်နှစ်တွင် ချန်ပီယံလိဂ် ခြေစစ်ပွဲကစားရန်မလိုတော့ဘဲ အလိုအလျောက် ခြေစစ်ပွဲအောင်အသင်းအဖြစ် ကစားခွင့်ရမည် ဖြစ်သည်။

(အင်တာနက်)

မွေးနေ့ဆုတောင်း

ချစ်ခင်လေးစားရပါသော အစ်ကိုကြီး ဦးသန်းနိုင်၏ ၁၇-၅-၂၀၁၁ရက် (ကဆုန်လပြည့်နေ့) မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင်ပါစေရန် ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်ညီလေးများ - **ကိုဇော်မင်းထွန်း၊**
ကိုဇော်မင်းအေး၊ ကိုရဲလွင်၊
ကိုလင်းဇော်လတ်၊
ကိုကျော်စွာဝင်း၊ ကိုမျိုးမင်းအောင်။

မွေးနေ့ဆုတောင်း

ချစ်သားလေး မောင်စိုင်းဉာဏ်လင်းထူး၏ ၁၉-၅-၂၀၁၁ရက်တွင်ကျရောက်သော (၂)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၀၀)တိုင် သက်ရှည်ကျန်းမာစွာဖြင့် ချစ်သောဘွားဘွား၊ ဖေဖေ၊ မေမေ၊ မိသားစုနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေ-

ချစ်သော ဘွားဘွား - **ဒေါ်စိန်လယ်၊**
ကြီးကြီးများ၊
ချစ်သော ဖေဖေ - **ဦးအောင်ကိုး**
ချစ်သော မေမေ - **ဒေါ်နန်းအေးမေ**
ဟိန်းထက်စံမိသားစု။

ခနဖြူမြို့မဈေး ရေမြောင်းများရှင်းလင်း

ခနဖြူ မေ ၁၈

ခနဖြူစည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများရှင်းလင်းခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းတို့ကို မေ ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မေ ၃ ရက်က ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘုရင့်နောင်ကုန်းမြေ သာယာလှပရေးအတွက် ပန်းအလှပင်များ ပုံဖော်ဖြတ်ညှိခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၁၈

acmif;qkHpmunfwdkuftaqmuftOD;ftpfzGifU

reGy;nf , f acmif;qkHrd;e , f r&pfu;Du;&G arwm0d m&D pmunfwdkuftaqmuftOD;ftpfzGifGrwf26&ufu tqifhjrifh pmunfwdkuf usif;yonf

zGifhGGrf au;&Gt yfcsyf&;rS0u| 0Da0if;u trSpum; ajymum;yD rde , fyefum;a&;ESihyn fbIuf qIk&;0pDme 0DDS a':prf;prfEGu pmunfwdkf a&&Sfwnfwdiffr&;udk&yfm;ud &Sfvif;aq;GfEGonf xdemuf tvS&S0Dunfunfu pmtyf *me , fm;ud vS gefonf

tqifhjrifh pmunfwdkuftaqmuftOD;fnf oGfrd twfum? uEfu&pf;if;zpfumif o&Sonf (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေး ကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပညာ့ဗိမာန်စာကြည့်တိုက် သန်လျင်၌ဖွင့်

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးတက်မြင့်မားရေးအတွက် ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၅ရက် နံနက်က သန်လျင်မြို့နယ် ဖားကူးအရှေ့ကျေးရွာ ပညာ့ဗိမာန်စာကြည့်တိုက်၌ ကျင်းပရာ သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ ခရိုင်သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လှပိုမိုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ay;tyfvSL gef

ဆက်လက်၍ ပညာ့ဗိမာန်ကျေးလက်စာကြည့်တိုက်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက အလှူငွေကျပ် ၁၅၀၀၀၀၊ ခရိုင် သာသနာ့အသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးက အလှူငွေကျပ် ၅၀၀၀၀နှင့် သုတရသ စာအုပ်မျိုးစုံ ၂၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက သုတရသစာအုပ်မျိုးစုံ ၂၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသ စာအုပ်မျိုးစုံ ၂၀၀၊ သန်လျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က သုတရသ စာအုပ်မျိုးစုံ ၁၀၀၀တို့ကို ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်/ (tay:yH (rde , fjyef qu f)

ထွန်းတောက်ကြယ် စာကြည့်တိုက် သံဖြူဇရပ်မြို့နယ်၌ဖွင့်

armfvrdcf½dfojHZ&yfrde , f0rdu;&Gtyf awmif;ay:&G xeG;awmufu , fud ftm;ud fu;dpmunfwdkuftaqmuft tHpf zGifhGtcrf;tem;udar 12 &ufeHufu tqifhjrifh pmunfwdkuf a&S usif;y&m rde , fyefum;a&;ESihyn fblquf qIk&;0pDme 0DDS a':at;at;oEShwm0e&S0l m;u pmunfwdkuf udzGifvSpf ay;u onf tcrf;tem;wGf aiG;yfEpfoef;aumf wef;d&S ow? &o pmtyf168 tyfu cka0gvf&DS(jrefm) ojHZ&yf Say;tyfvSgef&m rde , f0DDS a':at;at;oD vuf;Hlonf (atmuf)Hxdemuf rde , ftyfcsyf&;rS 0Darmifarmif vSgefaom *me , fpHtyf100 ESht vS&Sfm;u vSgefaom pmtyf pmapmif m;udau;&G pmunfwdkf aumfwD u| 0Dpmatmifu mfoef;xHd vTJyif ay;tyfonf

ဆောက်လုပ်

tqifhjrifh pmunfwdkuftaqmuft tHS (24_14) ay&S;Do Grd twfnf uEfu&pf;if tr;dt pm;zpfum Ed fHwmf SHhiEShfau;&G jynfbl m;\ xnfhifvSgefaiGjzifhaqmufvkyf;if;zpfumif o&Sonf (မြို့နယ် ပြန်/ဆက်)

တောင်သူများအားထားရသည့် ကျိုက်လတ်မြို့မှ လယ်ယာသုံးအသေးစားစက်မှုလုပ်ငန်း

ရန်ကုန် မေ ၁၈

ဂုဏ်ဆောင်စက်မှုလုပ်ငန်း

သတင်းဆောင်းပါး - ကျော်စွာဝင်း

“ပိုမိုအောင်မြင်တဲ့ ပုဂ္ဂလိကစက်မှုလုပ်ငန်းတစ်ခု ဖြစ်အောင် ကြိုးစားနေပါတယ်”

ကြိုးစားနေ

ပြည်မြန်မာအသေးစားစက်မှုလုပ်ငန်းမှ ထုတ်လုပ်သော တောင်သူလယ်သမားများ အားထားရသည့် အဖိုးနှုန်းချိုသာသည့် စပါးခြွေလှေ့စက်။

လယ်သမားသုံးပစ္စည်းများ

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ခိုလစ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းလမ်းဆုံတွင် ကြိုက်လမ်းလယ်ကျွန်းခုံ ဆောင်ရွက်ထားရှိမှုကို မေ ၁၀ ရက်က မြို့နယ်တာဝန်ခံ ဦးစိုးရန်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းမြတ်ထိုက်တို့ ကွင်းဆင်းစစ်ဆေးစဉ်။

ကျုံပျော်မြို့ မြို့မဈေး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းကို ဧပြီ ၂၃ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်း ကြီးကြပ်ဆောင်ရွက်စဉ်။

ရေတက်ကောင်းမြို့နယ် ရေတက်ကောင်း-ဆင်မ(သဲဖြူလမ်းအဖိုင်း)လမ်းပိုင်း မြေရော ကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို မေ ၅ ရက်က မြို့နယ်တာဝန်ခံနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

ပုသိမ်မြို့နယ် ရွှေပြည်သာဈေးအတွင်း ဈေးတည်ခင်းရောင်းချမှုကို ဧပြီ ၂၉ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးစဉ်။

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေး ဆောင်ရွက်နေမှုကို ဧပြီ ၄ ရက်က မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်း ရှင်းလင်းတင်ပြစဉ်။

မန်စီမြို့နယ်၌ မြို့နယ်ခန်းမဖွင့်

မန်စီ မေ ၁၈

(ခရိုင် မြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းအမိန့်အရ လွတ်မြောက်သည့် အကျဉ်းသား၊ အကျဉ်းသူ အရေအတွက် စုစုပေါင်း(၁၄၇၅၈)ဦးဖြစ်

လက်ရှိအခြေအနေတွင် လွတ်မြောက်ခြင်းမရှိသေးသူများလည်း ယင်းတို့အပေါ် သတ်မှတ်ထားသော ထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် (၁)နှစ်(တစ်နှစ်)ထပ်မံလျှော့ပေါ့ရရှိသည့်အခွင့်အရေးကို တန်းတူခံစားခွင့်ရရှိကြမည်

နေပြည်တော် မေ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၈/၂၀၁၁)ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းအမိန့်ကို ထုတ်ပြန်လျက် သေဒဏ်ချမှတ်ခြင်းခံရသူများအတွက် ထောင်ဒဏ်တစ်သက်သို့လည်းကောင်း၊ ထောင်ဒဏ်ကျခံနေရသူများသည် ယင်းတို့အပေါ် သတ်မှတ်ထားသောထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် (၁)နှစ် (တစ်နှစ်) ထပ်မံလျှော့ပေါ့ ရရှိစေရန်လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့ပြီးဖြစ်သည်။

လွတ်မြောက်

အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းအမိန့်အရ အကျဉ်းဦးစီးဌာန အကျဉ်းထောင်၊ အလုပ်စခန်းများမှ ၁၇-၅-၂၀၁၁ ရက်တွင် လွတ်မြောက်သည့် အကျဉ်းသား၊ အကျဉ်းသူအရေအတွက် စုစုပေါင်းမှာ (၁၄၇၅၈) ဦးဖြစ်ကြောင်း သိရှိရသည်။

အလားတူ လက်ရှိအခြေအနေတွင် လွတ်မြောက်ခြင်းမရှိသေးသူ အကျဉ်းသား၊ အကျဉ်းသူများ အားလုံးအနေဖြင့်လည်း ယင်းတို့အပေါ် သတ်မှတ်ထားသောထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် (၁)နှစ် (တစ်နှစ်) ထပ်မံလျှော့ပေါ့သည့် အခွင့်အရေးကို ယမန်နေ့က လွတ်မြောက်သွားကြသူများ တန်းတူခံစားခွင့်ရရှိကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရွာသွန်းမှုများ ၁၈-၅-၂၀၁၁

ဖြူးမြို့	၆ ဒသမ ဝ၆ လက်မ	လှိုင်ကော်မြို့	၃ ဒသမ ၂၇ လက်မ	ဘီးလင်းမြို့	၂ ဒသမ ၂၄ လက်မ
တောင်တွင်းကြီးမြို့	၄ ဒသမ ဝ၉ လက်မ	ကျောက်ဖြူမြို့	၂ ဒသမ ၂၅ လက်မ	လှိုင်လင်မြို့	၂ ဒသမ ၁၇ လက်မ
		ဘောလခဲမြို့	၂ ဒသမ ၂၄ လက်မ	စဉ့်ကိုင်မြို့	၂ ဒသမ ဝ၅ လက်မ
ကျောက်တော်မြို့	၁ ဒသမ ၈၉ လက်မ	တောင်ငူမြို့	၁ ဒသမ ၈၉ လက်မ	ရွှေဘိုမြို့	၁ ဒသမ ၈၅ လက်မ